# နေနွယ်ဇင်မြင့်



# မာနမျဉ်းပြောင်း

NYI NYI

ကျွန်မတို့ ချစ်ခြင်းကို ခွင်းခဲ့တဲ့ တရားခံဟာ မာနပါ။ ကျွန်မရဲ့ အတ္တပါ။ ချစ်သူနှစ်ဦးရဲ့ မာန စီးချင်းမှာ . . . ကျွန်မ . . . မနိုင်ခဲ့ပါဘူး။ ရှုံးလည်း မရှုံးခဲ့ဘူးလို့ ခံယူပါတယ်။ ကျွန်မတို့ ရဲ့ ပွဲက သရေ ပွဲပါပဲ။

**မယ်ဝတီ**

အချစ်ကို ဂုဏ်သိက္ခာနဲ့ လဲလှယ်လိုက်ရပါတယ်။ ကိုယ် မရှုံးဘူး။ ဒါပေမဲ့ . . . နိုင်လည်း မနိုင်လိုက် ဘူးဆိုတာ ဝန်ခံပါတယ်။

**သိဒ္ဓိ**

နှလုံးသားမြေပြင်ပေါ်က မာနစီးချင်းမှာ သရေပွဲနဲ့ လဲပြို ကျသွားရသူရဲ့ ဘဝတစ်ခု ပြန်လည်ရှင်သန် ဖို့ အတွက် လက်ကလေးတစ်ဖက်နဲ့ ပဲ ဖြစ်ဖြစ် ဖေးကူ

"ကိုယ် တစ်ခုပြောမယ်၊ စေတနာနဲ့ ပါ။ မိတ်ဆွေကောင်း တစ်ယောက်ရဲ့ နေရာမှာ နေပြီး ပြောချင်တဲ့ စကားပါ"

နက်ရှိုင်းနေသည့် သူ့မျက်နှာကို မော့ကြည့်ဖြစ်လိုက်ပါသည် ။

"ချစ်သူချင်းမှာ မာနအပြိုင် မထားသင့်ပါဘူးဆိုတာပဲ . . ."

"ရှေးစကားနဲ့ ပြောရရင်တော့ စီးချင်းတိုက်ပွဲပေါ့။ တစ်ယောက်ချင်းတိုက်ကြတာ၊ နောက်လိုက်အဖော် မပါဘူး။ သူက မြင်းစီးရင် ကိုယ်လည်း မြင်းနဲ့ ပဲ။ သူက ဓားကိုင်ထားရင် ကိုယ်လည်း ဓားနဲ့ ပဲ။ ခုခေတ်စကားနဲ့ ပြောရရင်တော့ ပဝါမကူ၊ ရေမရှူကြေးပါပဲ"

"ဝတီတို့ ရဲ့ စီးချင်းက မာနစီးချင်းဖြစ်နေတယ်။ စစ်မြေတလင်းက နှလုံးသားမျက်နှာပြင်"

"အဆုံးစွန်နာကျင်မှုကို နာကြည်းခြင်းနဲ့ လဲလှယ်နိုင်လိမ့် မယ်လို့ ထင်ပါတယ်။ မာနဆိုတာ ကိုယ်ပိုင်ပစ္စည်းပါ အစ်ကို။ အတ္တဆိုတာ ကိုယ့်အတွက်သာ ကိုယ်ရှေ့တန်းတင်တတ်တဲ့ ခံစားမှု။ လူသားနှစ်ယောက်မှာ အသွင်မတူ မာနမျိုးနဲ့ ဆင်ကွဲအတ္တနှစ်မျိုးကို ကိုယ်စီ ပိုင်ဆိုင်နေကြတယ်။ ထိပ်တိုက်တွေ့နေကြတယ် ဆိုရင် . . . အစ်ကို ဘာလုပ်မလဲ၊ အရှုံးပေးပြီး ထွက်ပြေးမလား"

"အရှုံးပေးတဲ့ ထိ မဟုတ်ရင်တောင် နည်းနည်းလေး လျှော့ချပေးလိုက်ရုံနဲ့ ပြေလည်မယ်ဆို ရင် . . . နှစ်ယောက်လုံး တစ်သက်တာ စိတ်ချမ်း

သာမှုအတွက် မစွန့်စားသင့်ဘူးလား"

"အဲဒီလောက် စကားအတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ . . . လူတိုင်းမှာ အတ္တရှိတယ်။ မာနရှိတယ်။ ဂုဏ်သိက္ခာကို အမြင့်ဆုံးမှာ ထားချင်ကြတယ်။ အဲဒီ သုံးခုကို နည်းနည်းကလေး လျှော့ပေးရမယ်ဆိုရင်တောင် နှစ်ယောက်ပြိုင်တူ . . . တစ်ချိန်တည်းမှာ တူတူလျှော့နိုင်မှ ဖြစ်မယ်"

"ဘယ်သူကမှ တော့ စပြီး . . . ကိုယ့်ရဲ့ အတ္တနဲ့ မာနကို လျှော့ချင်မှာ မဟုတ်ဘူး ၊ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကိုလည်း အမြင့်ဆုံးအဆင့်က စတင်ဖြုတ်ချပေးတဲ့ သူ ဖြစ်ချင်မှာ မဟုတ်ဘူး ၊ ဒီတော့ . . . ချစ်သူနှစ်ဦးဟာ၊ နှလုံးသား မြေပြင်မှာ မာနစီးချင်း တိုက်ပွဲကို ရင်ဆိုင်ဖို့ ပဲ ရှိပါတယ် . . .

"နှစ်ယောက်လုံး . . . လဲပြိုပြီး အရှုံးမရှိ သရေပွဲနဲ့ သေလုမြောပါးဖြစ်တဲ့ အချိန်မှာ ၊ ကျွန်မကို လက်တစ်ဖက်ကမ်းပြီး ဆွဲထူပေးတဲ့ သူဟာ၊ ကျွန်မ ဘဝခရီးတစ်လျှောက်လုံးမှာ လက်တွဲသွားသင့်တဲ့ အဖော် အမှန်ပါပဲ . . .

"သူ့မှာ လည်း . . . သူ့ကို ဖေးကူထူမမဲ့ အဖော်ကောင်းတစ်ယောက်တော့ အဆင်သင့်ရှိနေမှာ ပါ။ ကျွန်မတို့ ရဲ့ မာနစီးချင်းမှာ ကျွန်မ မနိုင်ပါဘူး အစ်ကိုရယ်။ ဒါပေမဲ့ . . . ရှုံးလည်း မရှုံးဘူးလို့ သတ်မှတ်ပါတယ်။ အဲဒါ . . . ကျွန်မရဲ့ ခံစားမှုအကုန်အစင်ပါပဲ"

*

# (၁)

"စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးဆိုရင် . . . လူတွေက အထင်သေးတဲ့ မျက်စိနဲ့ ကြည့်ပစ်လိုက်တာပဲ ဖေဖေရယ်။ အဲဒီ မိန်းက လေးတွေဟာ လူသားတွေလေ။ ပုထုဇဉ်တွေလေ။ လူသားဆိုတာ . . . ကောင်းတာလည်း ရှိ၊ မကောင်းတာလည်း ရှိ . . .

"ပုထုဇဉ် ပီသစွာ၊ စိတ်ပုပ်တဲ့ သူကပုပ်၊ သဘောထားကြီးတဲ့ သူကကြီး။ ကိုယ်ကျင့်တရား ထိန်းသိမ်းပြီး၊ ကိုယ့်အသံကလေးသာ ရောင်းချတဲ့ သမာအာဇီဝသမားတွေလည်း ရှိ၊ ကိုယ်ကျင့်ပျက်စီးနေတဲ့ မိန်းမသားတွေလည်း ရှိ . . .

"ဒါကို အလေးအနက်တွေးပေးတဲ့ သူက ရှားပါတယ်။ ဝါးလုံးရှည်နဲ့ သာ ယမ်းလိုက်ချင်ကြတာ များ ပါတယ်။ တကယ်တော့ . . . ကိုယ်ကျင့်တရား ပျက်စီးပြီး မြန်မာ့ယဉ်ကျေးမှုကို ရိုက်ချိုးနေတဲ့ မိန်းမသားဆိုတာ၊ စားသောက်ဆိုင် အဆိုတော်လောက တစ်ခုတည်းမှာ မှ ရှိတာမှ မဟုတ်ဘဲ . . .

"အပြင်လောကထဲမှာ လည်း ရှိနေတာပဲ။ အဲဒီလိုပဲ အပြင်လောကမှာ သမာအာဇီဝနဲ့ ကိုယ်ကျင့်တရားကို ရွံ့စက်အစဉ်မခံတဲ့ မိန်းမသားတွေ ရှိနေသလို . . . စားသောက်ဆိုင် အဆိုတော် လောကမှာ လည်း ရှိနေတာပါပဲ။ ဒီလိုနားလည်ပေးတဲ့ သူက ရှားပါတယ် ဖေဖေ

"

အသစ်ဖွင့်လှစ်လိုက်သော စားသောက်ဆိုင်ကြီး၏ နာမည်က "Heart to Heart" တဲ့ လေ။ နှလုံးသားမှ နှလုံးသားဆီ သို့ . . . ဟူ၍ မြန်မာလို ပြန်ဆိုရမည် ထင်ပါသည် ။ "နှလုံးသားချင်း ဖလှယ်"ဟူ၍ ကဗျာဆန်စွာ ပြောဆိုမည်ဆိုလည်း ရနိုင်ပါသည် ။ ကြော်ငြာမှာ ကိုက . . . အစားအစာနှင့် ဝန်ဆောင်မှုမှာ နှလုံးသားမှ နှလုံးသားဆီသို့ ပို့ဆက်ခြင်းဖြစ်ရမည် . . . တဲ့ ။ အကောင်းဆုံးသော လက်ရာ၊ အကောင်းဆုံးသော ဝန်ဆောင်မှု၊ သာယာနာပျော်ဖွယ် တေးဂီတ၊ ချမ်းမြေ့ငြိမ်းချမ်းသည့် နေရာထိုင်ခင်း . . . Heart to Heart ထဲသို့ ခြေတစ်လှမ်းချလိုက်သည် နှင့် . . .

ကဗျာတစ်ပုဒ်ထဲမှ ကာရန်စာသားတစ်ပိုဒ်ဖြစ်သွားစေရမည်။ ပန်းချီကားတစ်ချပ်ထဲမှ ဆေးတစ်စက် ဖြစ်သွားစေရမည်။ ဂီတသံစဉ်တို့ ဖြင့် စီးမျောနေသော စမ်းချောင်းလေးထဲမှာ ကူးခပ် နေသည့် ရွှေငါးတစ်ကောင်၏ ကြည်နူးမှုကို ရစေရမည်။ စားသုံးသူများ ၏ နှလုံးသားကို နွေးထွေးခြင်း၊ အေးဆေးခြင်းများ ပေးဆပ်လျက် ကြည်နူးကြည်မွေ့ နှစ်လိုမက်မောစေရပါမည် . . . တဲ့ ။

"ကြော်ငြာကတော့ အလွန်အကြူးပဲ"

မဂ္ဂဇင်းတွေ ဂျာနယ်တွေ၊ တီဗွီတွေမှာ ကြော်ငြာသည် ။ လက်ကမ်းစာစောင်လေးများကို နာမည်ကြီးကုန်တိုက်များ ၏ ငွေသွင်းကောင်တာတိုင်းမှာ အထပ်လိုက် ချထားသည် ။ မည်သူမဆို ကောက်ယူဖတ်ရှုလျက် အကန့်အသတ်မရှိသော ကြော်ငြာတစ်ရွက်များကို စိတ်ကြိုက် ယူဆောင် သွားနိုင်ပါသည် ။ Heart to Heart သည် လူထုထဲသို့ မဝင်ချင်မှ မဆုံး၊ မကြားချင်မှ အဆုံး၊ မမြင်ချင် မှ အဆုံး ဆိုသလို ပျံ့နှံ့နိုင်လွန်း၏။ မည်သူမဆိုသည် Heart to Heart မှာ မစားဖူးသေးတာသာလျှင် ရှိမည်။

သည့် နာမည်ကို မကြားဖူးသူ တစ်ယောက်မျှ မရှိဟု ပြောရမလောက်ပါပေ။

နယ်မှ လာသူအချို့သည် ရန်ကုန်မြို့သို့ ရောက်လျှင် ရွှေတိဂုံဘုရားဖူးမည်။ ကုန်တိုက်ကြီးများမှ ဈေးဝယ်မည်။ ပြီးလျှင် Heart to Heart မှာ တစ်ပွဲလောက်တော့ စားဖြစ်အောင် စားမည်ဟု အားခဲခဲ့ကြတာပင်။ ငွေကြေးမတတ်နိုင်လျှင်သာ ရှိရမည်။ တတ်နိုင်ပါလျက် စိတ်မဝင်စားလို့ မသွားခဲ့ဘူး . . . ဆိုသူတစ်ဦးတလေမျှ ရှိမည်မထင်ပါ။

အဲသည် စားသောက်ဆိုင်ကြီးက "မယ်ဝတီ" ဆိုသည့် "သီချင်းသည် " မလေးကို သူ့ဆိုင်မှာ သီချင်းလာဆိုဖို့ ကမ်းလှမ်းသည် တဲ့ ။ ကြားကာစကဖြင့်၊ ကိုယ့်နားတောင် ကိုယ်မယုံချင်ပါ။ မယ်ဝတီမှ မယ်ဝတီ . . . ဟု နာမည်တပ်၍ ကမ်းလှမ်းလာရအောင် မယ်ဝတီက ဘယ်လောက်များ နာမည်ကြီးသေးလို့ လဲ။ မယ်ဝတီဆိုတာ လူသိရှင်ကြား . . . ဘယ်လောက်ဖြစ်ထွန်းသေးလို့ လဲ။ သီချင်းကလေးတော့ ဆိုစပြုပြီပေ့ါ။ မြန်မာ့ရုပ်မြင်သံကြားတို့ မြဝတီတို့ MRTV (4) တို့မှာ ဆိုပြီပေ့ါ။ မင်္ဂလာဆောင်တချို့မှာ ကိုယ်နှင့် ခင်မင်ရင်းနှီးသည့် တီးဝိုင်းဆိုလျှင် သတိတရ ခေါ်ဆို ကြပြီပေ့ါ။

ဒီလောက်အနေအထားက သီချင်းသည် မလေးကို Heart to Heart က ဘာကြောင့် ကမ်းလှမ်းရတာလဲ။ မယ်ဝတီ့ သီချင်းသံကို ဘယ်တုန်းကများ မှတ်မှတ်ရရ ကြာဖူးသွားရလို့ ပါလဲ။

"ကိုယ့်ခေါင်းလေး ဘယ်ညာမရွှေ့အောင်၊ ကောင်းကောင်း နေနိုင်မယ် ဆိုရင်တော့ ၊ ဒါဟာ သမီးအတွက် အခွင့်ကောင်းပဲ သမီးရယ်။ ပြီးတော့ . . .အခွင့်အရေးဆိုတာဟာလည်း နှစ်ကျော့မပြန် တတ်ဘူးလေ"

"ဖေဖေက လက်ခံစေချင်လို့ လား"

"ဆုံးဖြတ်ချက်ကတော့ သမီးပါ။ ဖေဖေက မကန့်ကွက်ဘူး။ တိုက်လည်း မတိုက်တွန်းပါဘူး။ သမီး ပြောသလိုပဲ စားသောက်ဆိုင် အဆိုတော်ဆိုရင် . . . လူတွေက အထင်သေးတတ်ကြတဲ့ အစွဲကို၊ ကိုယ့်အလှည့်မှာ ချွတ်ပြလိုက်နိုင်ရင် . . . ဒါဟာ အများ စုရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းတစ်မျိုးပဲ . . .

"ကိုယ့်ကိုယ်ကိုယ်တော့ ထိန်းရမယ်။ ပြောရရင် . . . သူတို့ က အစားအသောက်ရောင်းတော့ "မုန့်သည် " ကိုယ်က အသံရောင်းတော့ "သီချင်းသည် " ။ သူတို့ က ငွေနဲ့ ရင်းတယ်။ ကိုယ်က အသံနဲ့ အနုပညာနဲ့ ရင်းတယ်။ အဆိုတော်ဟာ အဲဒီစားသောက်ဆိုင်ပိုင်ရှင်နဲ့ . . .

"တန်းတူဂုဏ်သရေရှိတာပဲ။ ကိုယ့်ဂုဏ်သိက္ခာကို မညှိုးနွမ်းအောင်ထိန်းဖို့ ကတော့ ကိုယ့်တာဝန်ပေါ့"

ဖေဖေ ဒီလောက်ပြောလျှင် ဝတီသဘောပေါက်ပါပြီ။ ဖေဖေ လက်ခံစေချင်သည် ။ ဖေဖေ ကိုယ်တိုင်က စန္ဒရားဆရာကြီး။ အနုပညာကိုချစ်မြတ်နိုးစွာ တစ်သက်လုံး ဖက်တွယ်ခဲ့သူ ဖြစ်၏။ ဖေဖေ့မှာ လုပ်ကိုင်စားသောက်စရာ ပညာရှိပါသည် ။ ဘွဲ့တစ်ခု ပိုင်ဆိုင်ပါသည် ။ ရုံးမှာ ဝန်ထမ်းအဖြစ်သာ ဝင်ခဲ့လျှင် (ဘွဲ့ရကာစမှ ) ခုလောက်ဆို . . . ဖေဖေဟာ ရာထူးအဆင့်ဆင့် တိုးလျက် အတော်အတန် ခရီးပေါက်နေလောက်ပါပြီ ။

"အနုပညာနဲ့ ပဲ အသက်မွေးချင်တယ်။ အနုပညာဆိုတာ စန်းနဲ့ ကြုံရင် ပြည်သူချစ်အနုပညာသည် ဖြစ်မယ်၊ လျှမ်းလျှမ်းတောက်မယ်၊ စားဝတ်နေရေး ပြေလည်မယ်၊ စန်းနဲ့ မကြုံရင်တော့ ကြိုးစားရင်း၊ ရုန်းကန်ရင်း၊ ချွေတာရင်းနဲ့ ထမင်းတော့ နပ်မှန်နိုင်ပါတယ်"

မေမေနှင့် လက်ထပ်ခါနီးမှာ ဖေဖေက ဤစကားကို ပြောခဲ့၏။ မေ

မေ့ မိဘတွေက ဖေဖေ့လို သမက်မျိုးကို ဘယ်မှာ လိုချင်ပါလိမ့်မလဲ။ သဘောမတူကြပါ။ ကန့်ကွက်၏။ မေမေ့ကို ချုပ်ချယ်၏။

"ကိုယ် . . . မိန်းမတစ်ယောက်ကို ခိုးမယူချင်ဘူး။ ကိုယ်တို့ သမီးလေးများ မွေးလာခဲ့ရင် . . . သူ့အမေဟာ ခိုးရာလိုက်ခဲ့တယ် ဆိုတဲ့ အတွေးနဲ့ အသိဝင်မသွားစေချင်ဘူး၊ သားလည်း တူတူပဲ။ မိန်းမများ . . . ခိုးပြေးရင် ရတာပဲဆိုတဲ့ အတွေး ဝင်မသွားစေချင်ဘူး . . .

"သားတွေ သမီးတွေ ရလာတဲ့ အခါမှာ ၊ မိဘနှစ်ပါးက နမူနာကောင်းပြမထားနိုင်ခဲ့ရင် ဒီသား သမီးကို ဘယ်လိုဆုံးမ မလဲ" တဲ့ ။

အဲဒါကြောင့် ဖေဖေနှင့် မေမေက ချစ်သူသက်တမ်းမှာ အကြာကြီး နေခဲ့ရ၏။ မေမေ့ ဘက်မှာ သဘောမတူမချင်း ဖေဖေ့ခမျာ . . . စောင့်ရှာသည် ။ ဖေဖေ ချစ်သည့် အနုပညာနှင့်ပင် ကြိုးစားပမ်းစား အသက်မွေးသည် ။ စုဆောင်းသည် ။ ဖေဖေသည် စန္ဒရားပညာမှာ ဆရာကောင်းသမားကောင်းများ နှင့် ကြုံဆုံခဲ့၏။ ဆရာတွေက ပြန်ချီးကျူးရသည် အထိ ကျွမ်းကျင်ခဲ့၏။ ရုပ်ရှင်နောက်ခံတေး ဂီတအတွက် ဖေဖေကအကယ်ဒမီ တစ်ကြိမ် ရဖူးသည် ။ စန္ဒရားသည် ဖေဖေ့ အကျွမ်းကျင်ဆုံး တူရိယာ ဆိုပေမဲ့ ဖေဖေက ဂီတာလည်း ရသည် ။ တယောလည်း ရသည် ။ မြန်မာ့ အတီးအမှုတ်တွေထဲမှာ ကျတော့ စောင်းနှင့် ပတ္တလားကို ကျွမ်းကျင်ပြန်သည် ။

ဖေဖေ တီးနိုင် မှုတ်နိုင်တာတွေများ သည် ။ သီချင်းစာသားများ လည်း ဖေဖေက သံစဉ်တေးသွားကို ပိုင်နိုင်စွာ ရေးသားစပ်ဆိုနိုင်ပြန်၏။ ဖေဖေ ကျွမ်းကျင်တာတွေများ ပေမဲ့ ဖေဖေ ကျော်ကြားတာကတော့ စန္ဒရား ဖြစ်၏။ အကယ်ဒမီစန္ဒရား မင်းယာ . . . သို့မဟုတ်

စန္ဒရားဆရာကြီး ဦးမင်းယာ ဆိုလျှင် ဂီတ အနုပညာလောကမှာ မသိသူ ရှားပါသည် ။

"စန်းကလေးနဲ့ လည်း ကြုံတော့ ရုပ်ရှင်တစ်ကားမှာ ဂီတ အကယ်ဒမီ ရလိုက်တာဟာလည်း ဖေဖေ့ဘဝကို ဆွဲတင်လိုက်သလို ဖြစ်သွားတယ်၊ အဲဒီတော့မှ သမီး မေမေရဲ့ မိဘတွေက၊ သဘောတူ လှချည်ရဲ့ တော့ မဟုတ်ဘူး ၊ သမီးလုပ်သူကလည်း နှစ်ရှည်လများ ဖွဲ့ခပ်နေတော့ . . .

"မတတ်သာတတ်သာ လိုက်လျောကြည်ဖြူလိုက်ရတာ။ ဖေဖေတို့ လက်ထပ်တော့ ဖေဖေက အသက်လေးဆယ့်နှစ်၊ သမီး မေမေက ဆုံးဆယ့်ခြောက်။ အပျိုကြီး လူပျိုကြီး မင်္ဂလာပွဲလေ။ တစ်ယောက်နဲ့ တစ်ယောက် သစ္စာခိုင်မြဲစွာ စောင့်ကြတာ"

"ဖေဖေတို့ က ဘယ်အရွယ်ကစပြီး ကြိုက်ကြတာမို့လို့ လဲ"

*